KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဇန်နဝါရီလ ၂၈ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-4-D1

# တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို- ဒေါ်ဖားခိုမြို့နယ်တွင် SAC ဒရုန်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးသေဆုံး၍ နွားတစ်ကောင်ဒဏ်ရာရရှိပြီး လူနေအိမ်များ ထိမှန်ပျက်စီးခြင်း (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တောအူး(တောင်ငူ)ခရိုင်၊ ဒေါ်ဖားခို(သံတောင်ကြီး)မြို့နယ်တွင် ဖြစ်ပွားခဲ့သော ဒရုန်းတိုက်ခိုက်မှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စုရှိ အ--- ကျေးရွာအတွင်းသို့ ဒရုန်းဖြင့် ဗုံးသုံးလုံးကြဲချတိုက်ခိုက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ရွာသားတစ်ဦးသေဆုံးသွား၍ နွားတစ်ကောင်ဒဏ်ရာရရှိပြီး လူနေအိမ်နှစ်လုံးနှင့်စိုက်ပျိုးပင်များ ထိမှန်ပျက်စီးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ တပ်ရင်းမသိရသော SAC တပ်ဖွဲ့သည် ဝေထူးကျေးရွာအုပ်စု၊ ဘ--- ကျေးရွာကို ဒရုန်းဖြင့် ဗုံးနှစ်လုံးကြဲချတိုက်ခိုက်ခဲ့သည်။ ထိုဒရုန်းတိုက်ခိုက်မှုတွင် ရွာသားအိမ်နှစ်လုံးထိမှန်ပျက်စီးခဲ့ရသည်။ ဒေသခံရွာသားများအနေဖြင့် SAC မှ ၎င်းတို့ရွာများကို မည်သည့်အကြောင်းကြောင့် ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရခြင်းကို မသိရှိကြပေ။* [1]

## SAC မှ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စုအတွင်း ဒရုန်းဖြင့်တိုက်ခိုက်ခြင်း

### *ပထမဖြစ်စဉ် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့*

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ မနက် (၁၁) နာရီအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စု၊ အ--- ကျေးရွာကို ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည်။ ၎င်းတို့သည် (SAC စစ်သားများ) အ---ကျေးရွာအတွင်း ဒရုန်းတစ်စီးဖြင့် ဗုံးသုံးလုံးကြဲချခဲ့သည်။ (ဤဒရုန်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့သော) SAC စစ်သားများသည် ဝေထူးကျေးရွာအုပ်စု၊ ကျွဲရိုင်းပြင်ကျေးရွာအနီးတွင်တည်ရှိသော စစ်တောင်းမြစ်ကျွဲပင်တံတားအနီးရှိ တပ်စခန်းတွင်အခြေစိုက်သော SAC စစ်သားများဖြစ်ကြသည်ဟု ဒေသခံရွာသားများက ယူဆကြသည်။


---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

အဆိုပါပစ်ချလိုက်သည့်ဗုံးတစ်လုံးသည် အ--- ကျေးရွာအတွင်းရှိ ရွာသားတစ်ဦး၏နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ဗုံးအစအနများသည် ရွာသားနေအိမ်နှစ်လုံး၊ အုန်းပင်တစ်ပင်နှင့် အခြားစိုက်ပျိုးပင်များ ထိမှန်၍ပျက်စီးခဲ့ရသည်။ လူနေအိမ်၏လှေကားအုတ်ခုံ၊ ကြမ်းပြင်နှင့်ခေါင်မိုးများ ပျက်စီးသွားသည်။ အဆိုပါလူနေအိမ်နှစ်လုံး၏ပိုင်ရှင်များမှာ ဦးဆ---နှင့် သူ၏တူမဖြစ်ကြသည်။ ထို့အပြင် နွားတစ်ကောင်ကိုလည်း ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။

ဗုံးအစအနသည် ဦးဆ---ကိုလည်း ထိမှန်ခဲ့သည်။ ဦးဆ---သည် ၎င်း၏အိမ်အောက်တွင် သစ်သားကုလားထိုင်နှင့်စားပွဲခုံများ ပြုပြင်၍အလုပ်လုပ်နေစဉ်အတွင်း ဗုံးအစများ ထိမှန်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ထိမှန်ခြင်းကြောင့် ဦးဆ---၏လည်ပင်း၊ ညာဖက်လက်နှင့်ဘယ်ဖက်ပေါင်တွင် ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက် ဦးဆ---ကို ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ရှိ ဆွာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ (ဆွာဆေးရုံသည် SAC စီမံခန့်ခွဲသော ဆေးရုံးတစ်လုံးဖြစ်သည်။) သို့သော်လည်း ဦးဆ---သည် ၎င်း၏ဒဏ်ရာများအလွန်ပြင်းထန်သောကြောင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ည (၇) နာရီအချိန်မှာ ဆွာဆေးရုံတွင် ကွယ်လွန်ခဲ့သည်။ ဦးဆ---သည် ဗမာလူမျိုးတစ်ဦးဖြစ်ပြီး အငြိမ်းစားယူထားသော တပ်မတော်စစ်သားဟောင်းတစ်ဦးလည်းဖြစ်သည်။ ဦးဆ---သည် ယခုလိုသေဆုံးသွားပြီးနောက်တွင် ၎င်းမိသားစုဝင်များအနေဖြင့် SAC ထံမှ ၎င်း၏ပင်စင်လစာထုတ်ယူ၍မရတော့ကြောင်း သားဖြစ်သူက ပြောပြခဲ့သည်။



အထက်ပါပုံများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စု၊ အ--- ကျေးရွာတွင် ရိုက်ယူ ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့၌ SAC သည် ကျေးရွာအတွင်းသို့ ဒရုန်းတစ်စီးဖြင့် ဗုံးသုံးလုံးပစ်ချတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးဖြစ်သူ ဦးဆ---သေဆုံး၍ နွားတစ်ကောင်ဒဏ်ရာရရှိပြီး လူနေအိမ်နှစ်လုံးနှင့်စိုက်ပျိုးပင်များ ပျက်စီးသွားခဲ့သည်။ အပေါ်မှ လက်ဝဲပုံတွင် ဦးဆ---၏တူမအိမ်ရှေ့တွင် ဗုံးတစ်လုံးကျရောက်ပေါက်ကွဲသွား၍ အပေါက်ကြီးတစ်ပေါက်ဖြစ်သွားသော အခြေအနေကို ဖော်ပြထားသည်။ အပေါ်မှ လက်ယာပုံတွင် ဗုံးအစအနေများသည် ဦးဆ---၏တူမအိမ်ခေါင်မိုးကို ထိမှန်၍ပျက်စီးသွားသော အခြေအနေ ကို ဖော်ပြထားသည်။ အောက်ဖက်တွင်ပါရှိသည့်ပုံနှစ်ပုံတွင် ဗုံးအစအနေများသည် ရွာသားများ၏စိုက်ပျိုးပင်အချို့ကို ထိမှန်၍ပျက်စီး သွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

အခြားဗုံးနှစ်လုံးမှာ ရွာ၏အပြင်ဖက်ရှိ လူနေအိမ်များနှင့်အနည်းငယ်ဝေးသောနေရာတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ထို့ကြောင့် အဆိုပါဗုံးနှစ်လုံးပေါက်ကွဲမှုတွင် အခြားလူနေအိမ်များ ထိခိုက်ပျက်စီးမှုမရှိသလို ရွာသားများလည်း ဒဏ်ရာ ရရှိခြင်း သို့မဟုတ် သေဆုံးခြင်းများမရှိခဲ့ပေ။

SAC ဒရုန်းတိုက်ခိုက်မှုကြောင့် လူနေအိမ်များ ထိမှန်ပျက်စီး၍ နွားတစ်ကောင်ဒဏ်ရာရရှိပြီး ရွာသားတစ်ဦးလည်း သေဆုံးခဲ့ရသည်။ ထို့ကြောင့် ကျေးရွာထဲရှိဒေသခံရွာသားများအကြားတွင် စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေခဲ့သည်။ ဒေသခံရွာသားများအနေဖြင့် SAC မှ ၎င်းတို့ရွာကို မည်သည့်အကြောင်းကြောင့် ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရခြင်းကို မသိရှိကြပေ။ ထိုဒေသအတွင်း နယ်မြေခံပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) စစ်သားများက သွားလာလှုပ်ရှားနေသောကြောင့် SAC အနေဖြင့် ဒရုန်းဖြင့်လာရောက်တိုက်ခိုက်ရခြင်းဖြစ်သည်ဟု ရွာသားများက ထင်မြင်ယူဆကြသည်။

ဒရုန်းတိုက်ခိုက်မှုကြောင့် အငြိမ်းစားစစ်သားဟောင်းဖြစ်သူ ဦးဆ---သည် သေဆုံးသွားသည့်အကြောင်းကို SAC မှ သိရှိခဲ့သည်။ (ရွာသားများပြောပြချက်အရ SAC အာဏာပိုင်များသည် ဆွာဆေးရုံသို့သွား၍ လူနာဖြစ်သူ ဦးဆ---၏ဆေးမှတ်တမ်းကို ကြည့်ရှုပြီး ဦးဆ---၏မိသားစုသည်လည်း ပင်စင်ထုတ်ယူ၍မရသည့်အခြေအနေကို ကြည့်ခြင်းအားဖြင့် SAC သည် ဦးဆ---သေဆုံးသည့်အကြောင်းကို သိရှိသွားကြောင်းဖြစ်သည်ဟု ယူဆ၍ရနိုင်သည်။) သို့သော်လည်း SAC သည် ဤဖြစ်စဉ်အတွက် မည်သည့်တာဝန်ယူ၊ တာဝန်ခံမှုများ မပြုလုပ်ကြပါ။ SAC မှ ဦးဆ---၏မိသားစုကိုလည်း တောင်းပန်ခြင်း၊ နစ်နာကြေးများပေးဆောင်ခြင်းများ မရှိခဲ့ပေ။

### *ဒုတိယဖြစ်စဉ် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့*

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ တပ်ရင်းမသိရသော SAC တပ်ဖွဲ့သည် ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စု၊ ဘ--- ကျေးရွာကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ ၎င်းတို့သည် ဒရုန်းတစ်စီးဖြင့် ကျေးရွာအတွင်း ဗုံးအကြီးတစ်လုံးနှင့်ဗုံးအသေးတစ်လုံးပစ်ချတိုက်ခိုက်ခဲ့သည်။ (ဗုံးအကြီးတစ်လုံးမှာ အလေးချိန် (၁၀) မှ (၁၂) ပိဿာအထိရှိသည်။) ဤသို့ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘ--- ရွာရှိ ရွာသားနေအိမ်နှစ်လုံးပျက်စီးသွားခဲ့သည်။ (အဆိုပါနေအိမ်များ၏ပိုင်ရှင်များသည် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ၎င်းတို့သည် အခင်းမဖြစ်ပွားမီ ကျေးရွာမှ တိမ်းရှောင်နေရှောင်နေခဲ့ပြီး ဖြစ်သည်။ KHRG ကွင်းဆင်းလုပ်သားအနေဖြင့် အိမ်ပိုင်ရှင်များနှင့် တွေ့ဆုံမေးမြန်းခွင့်မရရှိသည့်အတွက်ကြောင့် ၎င်းတို့သည် မည်သည့်အချိန်က ရွာရှောင်ခဲ့သည်ကို မသိရခဲ့ပါ။ ဤသတင်းအကြောင်းအရာကို ကျေးရွာတွင်းရှိ အခြားရွာသားများမှ ပြောပြ၍သိရှိခဲ့ခြင်းဖြစ်သည်။)




အထက်ပါပုံများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စု၊ ဘ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ SAC ပြုလုပ်ခဲ့သောဒရုန်းတိုက်ခိုက်မှုကြောင့် ရွာသားနေအိမ်နှစ်လုံးပျက်စီးသွားသောအခြေအနေကိုဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။